# PrEP အတွက် ငွေပေးချေရာတွင် အကူအညီလိုအပ်ပါသလား။

**HIV တားဆီးကာကွယ်ဆေး (Pre-exposure prophylaxis၊ PrEP) သည် HIV ကူးစက်ခြင်းဆိုင်ရာ စိုးရိမ်ပူပန်မှုကို လျှော့ချနိုင်ရန် လူအများ မှီဝဲသော နေ့စဉ်သောက်ဆေး ဖြစ်ပါသည်။**

## အကယ်၍ သင်သည် အောက်ဖော်ပြပါတို့ဖြစ်ပါက PrEP မှီဝဲရန် စဉ်းစားကောင်း စဉ်းစားလိုပေမည်-

- အကာအကွယ်မပါရှိဘဲ စအိုဖြင့် လိင်ဆက်ဆံသည့် လိင်တူချင်း စိတ်ဝင်စားသော သို့မဟုတ် လိင်တူလိင်ကွဲ နှစ်မျိုးလုံးကို စိတ်ဝင်စားသော အမျိုးသား
- အမျိုးသားများနှင့် လိင်ဆက်ဆံသည့် လိင်ပြောင်းအမျိုးသမီး
- HIV ရောဂါပိုးရှိသူ ပါတနာနှင့် ချစ်ကြိုက်နေခြင်း
- ပါတနာအများအပြားဖြင့် ကွန်ဒုံးအသုံးမပြုဘဲ လိင်ဆက်ဆံသူတစ်ဦး

## HIV ရောဂါပိုးမရှိသူများအတွက် အဆင့်မြောက်ဆင့်ပါ PrEP ပရိုဂရမ်-

- HIV ပုံမှန်စစ်ဆေးခြင်း
- Truvada ဆေးတစ်လုံးကို တစ်နေ့တစ်ကြိမ် နေ့စဉ် မှီဝဲခြင်း
- STD များအား ကာကွယ်ရန်အတွက် ကွန်ဒုံးအသုံးပြုခြင်း
- STD စစ်ဆေးမှု အချိန်အပိုင်းအခြားအလိုက် ပြုလုပ်ခြင်း
- HIV နှင့် STD များ ကူးစက်နိုင်ချေအား မည်ကဲ့သို့လျှော့ချရမည်ကို ပညာပေးခြင်း
- ဆွေးနွေးတိုင်ပင်ခြင်းနှင့် ဆေးပုံမှန်မှီဝဲရန် ပံ့ပိုးကူညီခြင်း

အကယ်၍ သင်သည် အာမခံထားရှိထားခြင်းမရှိပါက သို့မဟုတ် အာမခံဖြင့် အပြည့်အဝပေးချေနိုင်ခြင်းမရှိပါက နယူးယောက်ပြည်နယ် ကျန်းမာရေးဌာန (Department of Health) **HIV တားဆီးကာကွယ်ဆေး ပံ့ပိုးကူညီရေး ပရိုဂရမ် (Pre-exposure Prophylaxis Assistance Program၊ PrEP-AP)** သည် PrEP အတွက် ဆေးကုသမှုရက်ချိန်းများနှင့် ဓာတ်ခွဲခန်းဝန်ဆောင်မှုများ အတွက် ပေးချေပေးပါမည်။ သို့သော် သင်သည် စာရင်းပေးသွင်းထားသော PrEP-AP ဝန်ဆောင်မှုပေးသူထံမှ ဝန်ဆောင်မှုများ ရယူရပါမည်။

**PrEP-AP ပရိုဂရမ်သည် ဆေးဖိုးကုန်ကျစရိတ်အား ပေးချေခြင်းမပြုပါ။ PrEP-AP စာရင်းပေးသွင်းထားသော ကျန်းမာရေးစောင့်ရှောက်မှုပေးသူများသည် လူနာများအား ဆေးဖိုးကုန်ကျစရိတ် ကာမိစေရန်အတွက် ဆေးဝါးထုတ်လုပ်သူ၏ လူနာပံ့ပိုးကူညီရေး ပရိုဂရမ်တွင် ကူညီလျှောက်ထားပေးရန် လိုအပ်ပါသည်။**

## PrEP-AP တွင် အောက်ဖော်ပြပါ ဝန်ဆောင်မှုများ ပါဝင်ပြီး ထိုမျှသာ ကန့်သတ်ထားခြင်းမဟုတ်ပါ-

- HIV စစ်ဆေးခြင်း
- လိုက်နာမှုပိုင်းဆိုင်ရာ ဆွေးနွေးတိုင်ပင်ခြင်းနှင့် ဆေးကုသမှုအား စစ်ဆေးကြီးကြပ်ခြင်း
- STD စစ်ဆေးခြင်း
- နယူးယောက်ပြည်နယ်၏ HIV ဆေးကုသမှုဆိုင်ရာ လမ်းညွှန်ချက်များ (HIV Clinical Guidelines) နှင့် ညီညွတ်သော ပံ့ပိုးကူညီပေးသည့် စောင့်ရှောက်ရေး ဝန်ဆောင်မှုများ

**ဝန်ဆောင်မှုပေးသူသည် အကျုံးဝင်မည့် ဝန်ဆောင်မှုများအတွက် PrEP-AP ထံတွင် စာရင်းပေးသွင်းထားရပါမည်။**

## PrEP-AP တွင် မည်ကဲ့သို့စာရင်းပေးသွင်းရမည်နည်း။

- အကယ်၍ သင်သည် အာမခံထားရှိထားခြင်းမရှိပါက သို့မဟုတ် အာမခံဖြင့် အပြည့်အဝပေးချေနိုင်ခြင်းမရှိပါက www.health.ny.gov/diseases/aids/resources/adap/index.htm တွင် တွေ့ရှိနိုင်သော HIV အာမခံထားရှိမထားသော စောင့်ရှောက်ရေး ပရိုဂရမ်များ/ADAP (HIV Uninsured Care Programs/ADAP) နှင့် တူညီသည့် စာရင်းပေးသွင်းခြင်း ဖောင်ပုံစံများအား အသုံးပြု၍ PrEP-AP ထံသို့ လျှောက်ထားနိုင်ပါသည်။
- စာရင်းပေးသွင်းထားသော ဝန်ဆောင်မှုပေးသူများသည် အကျုံးဝင်သော ဝန်ဆောင်မှုများအားလုံးအတွက် တောင်းခံလွှာများကို PrEP-AP ပရိုဂရမ်ထံသို့ တင်သွင်းနိုင်ပါသည်။
- PrEP-AP အရေးပေါ်ဖုန်းလိုင်းသည် စာရင်းပေးသွင်းခြင်း လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ သင့်အား ကူညီပေးနိုင်ပြီး ပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုအာမခံအား အသုံးပြုရာ၍ ပံ့ပိုးကူညီနိုင်ပါသည်။ 1-800-542-2437 သို့ ဖုန်းခေါ်ဆိုပါ။

## ရင်းမြစ်များ

**နယူးယောက်ပြည်နယ် ကျန်းမာရေးဌာန (Department of Health) PrEP-**
www.health.ny.gov/diseases/aids/general/prep/

**NYS PrEP ဝန်ဆောင်မှုပေးသူ လမ်းညွှန်-**
www.health.ny.gov/diseases/aids/general/prep/provider_directory.htm

**ပိုမိုလွယ်ကူလာသော HIV တားဆီးကာကွယ်မှု (HIV Prevention Just Got Easier)-**
www.prepforsex.org

**နယူးယောက်ပြည်နယ် HIV အရေးပေါ်ဖုန်းလိုင်းများ-**
1-800-541-AIDS သို့မဟုတ် 1-800-233-7432 (စပိန်ဘာသာ)

**နယူးယောက်မြို့ ကျန်းမာရေးနှင့် စိတ်ကျန်းမာရေးဌာန (Department of Health and Mental Hygiene) PrEP-**
www.nyc.gov/html/doh/html/living/prep-pep.shtml

**ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး စင်တာများ (Centers for Disease Control and Prevention)-**
www.cdc.gov/hiv/prevention/research/prep/